မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. ___ Volume 6/ Issue 2 / February / 2013*

## 2013, Newly Elected B.C.F. Official Board Retreat

၂၀၁၃–ခုနှစ် B.C.F. official board retreat ကို 122, S. California Ave. Monrovia, CA 91016 တွင်တည်ရှိသော St. Luke Church ၏ Swam Hall ခန်းမ၌ February 02, 2013 စနေနေ့ နံနက် 9:00AM အချိန်မှစ၍ ညနေ 4:00PM အချိန်ထိ ပြုလုပ်ခဲ့ပါသည်။

ဆရာများနှင့်တကွ အမှုဆောင်အဖွဲ့ဝင်အများ တက်ရောက်ကြပါသည်။ ၂၀၁၃–ခုနှစ် B.C.F အသင်းတော် ဥက္ကဋ္ဌမှာ Dr. Charles Ang ဖြစ်ပါသည်။ "Spirit of the Living God" ဓမ္မတေးကို သီကျူးခြင်းဖြင့် နံနက်ဝတ်ပြု ကိုးကွယ်ခြင်း အစည်းအဝေးကို အစပြုပါသည်။

B.C.F ၏သင်းအုပ်ဖြစ်သူ Rev. Henry Ang ဦးဆောင်ပြီး အဖွင့်ဆုတောင်းခြင်းပြီးသည်နောက် တိုက်တွန်းနှိုးဆော်ခြင်းတွင်၊ ယောဟန် ၂၁း၁၅–၁၉ ယေရှုက၊ ယောန၏သား ရှိမုန်၊ ဤသူတို့သည် "ငါ့ကိုချစ်သည်ထက် သင်သည်သာ၍ချစ်သလော"ဟုရှိမုန်ပေတရုအား မိန့်တော်မူလျှင် ဟုတ်ပါ၏ သခင်။ ကိုယ်တော်ကို အကျွန်ုပ်ချစ်သည်ကို ကိုယ်တော်သိတော်မူ၏ဟု လျှောက်သော်၊ "ငါ၏သိုးသငယ်တို့ကိုကျွေးမွေးလော့ ––– ငါ၏သိုးတို့ကိုထိမ်းလော့"ဟုမိန့်တော်မူ၏ .. ဆိုသည့် ဤကျမ်းချက်ကို အခြေခံ၍ သခင်ယေရှု၏ နောက်လိုက်များအနေဖြင့် ကိုယ်တော်ကို ချစ်ကြောင်း မေတ္တာကို အပြောသက်သက်မဟုတ်၊ အပြုအမူလုပ်ရပ်အားဖြင့် ဖော်ပြအပ်ပါသည်။ သခင်ယေရှုကိုချစ်လျှင် အသင်းဝင်သူအချင်းချင်း သစ္စာစောင့်ခြင်း၊ စိတ်ရှည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်းတို့ကို လက်ကိုင်ထားလျက် ရေစစ်ပြောင်းပြန်ဖြစ်လျှင် အမှိုက်သရိုက်များ မစင်သကဲ့သို့ စကားပြောဆိုခြင်းအရာမှာ မှားယွင်းပါက တပါးသူကို ထိခိုက်နိုင်ပါကြောင်း။ ထို့ကြောင့် လိမ္မာပါးနပ်၍ မေတ္တာဖြင့် အသင်းတော်ကို "ကျွေးမွေး – – ထိမ်းသိမ်း"စောင့်ရှောက်ရမည်အကြောင်းကို သတိပေးဟောကြားသွားပါသည်။

ထို့နောက် အသင်းတော်အတွင်းရေးမှူးနှင့် လူငယ်ဥက္ကဋ္ဌတို့၏ နှစ်ချုပ်အစီရင်ခံစာအပြင်၊ တက်ရောက်လာကြသော ကော်မရှင်အဖွဲ့ခေါင်းဆောင် အသီးသီးတို့မှ သက်ဆိုင်ရာ ပြန်ကြားစာများကို တစ်ဖွဲ့စီဖတ်ကြားပြီး ကန့်ကွက်မဲမရှိ အားလုံးသဘောတူလက်ခံကြပါသည်။ နေ့လည်ခင်း 12:00 နာရီတွင် နေ့လည်စာကို သုံးဆောင်၍ခေတ္တအနားယူပြီး၊ ရှေ့လာမည့် တစ်နှစ်တာအတွက် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များနှင့် အသင်းတော်၏ တိုးတက်မှုလုပ်ငန်းများကို အဖွဲ့ငယ်များခွဲ၍၊ အသေးစိတ် ဆွေးနွေးကြပြီး၊ ပြန်လည်တင်ပြ အဆိုပြုရာတွင် ကျေနပ်အားရစွာ ထောက်ခံလျက် အတည်ရယူပါသည်။ ၂၀၁၃ တစ်နှစ်လုံးအတွက် တနင်္ဂနွေနေ့ဝတ်ပြုကိုးကွယ်ခြင်းနှင့် အထူးအစီအစဉ်များကို နေ့ရက်သတ်မှတ် တင်ပြကြသည်။ BCF အသင်းတော်ဘဏ္ဍာထိန်းမှ ဝင်ငွေထွက်ငွေ စာရင်းတင်ပြအပြီးတွင် ယခုနှစ် ခန့်မှန်းခြေ ဝင်ငွေစာရင်းနှင့်အသုံးစာရင်းကို ဖတ်ပြပါသည်။

နောက်ဆုံးအစီစဉ်အရ Saya Mawsan Awng မှ ဟေဗြဲသြဝါဒစာ၊ ၅း၁၂– ကိုအခြေခံ၍ ရှေဦးစွာသင်ယူ၍ရသော တရားနုတို့ကိုသာ သုံးဆောင်ရသောသူကဲ့သို့ Self center မဖြစ်ဘဲ၊ ဘုရားသခင်၏ ဗျာဒိတ်တော်၌ ကောင်းကျိုး မကောင်းကျိုးကို ပိုင်းခြား၍ သိနိုင်သောဉာဏ်နှင့် ၃ဖနှစ်တိုင် အကြားအမြင် အတွေ့ကြုံရင့်ကျက်သော အသင်းတော်သည် သခင်ခရစ်တော်အားဖြင့် စုံလင်သောအသက်တာ Christ center ၌တည်လျက် ကောင်းသောအရာ၊ အသစ်သောအရာများဖြင့် အသင်းတော်နှင့် သာသနာလုပ်ငန်းကို ထိန်းသိမ်းစောင့်ရရန် ခွန်အားပေးတိုက်တွန်းနှိုးဆော်ပါသည်။ "O Jesus, I have promise" ဓမ္မတေးကိုသံပြိုင်သီဆိုကြပြီး၊ ဆရာ Rev. Henry Ang ဆုတောင်းဆက်ကပ်ခြင်းဖြင့် အစီအစဉ်ကို အောင်မြင်စွာ ရုတ်သိမ်းပါသည်။

### 2013, BCF official board members

| | | |
|---|---|---|
| Senior Pastor | --- | Rev. Henry Ang |
| Associate Pastor | --- | Rev. Saw Livingstone Zan |
| Pastoral Staff | --- | Sayama Hsi Mu Shein |
| Youth minister | --- | Saya Mawsan Awng |
| President | --- | Dr. Charles Ang |
| Vice President | --- | U Kyi Shinn |
| Secretary | --- | Emily Ang |
| Joint Secretary | --- | Daw Yi Yi Aye |
| Treasurer | --- | San San Min |
| Joint Treasurer | --- | Fiona Ang |
| Trustee & Finance | --- | Ms. Joy Ang |
| Joint | --- | John Ma |
| Mission & Evangelism | --- | Robin Saw |
| Joint | --- | Naw Win Mar |
| Joint | --- | Ko Pe Than |
| Worship & Music | --- | Shian Ma |
| Joint | --- | Irene Wang |
| Christian Education | --- | Alice Ang |
| Joint | --- | Mon Mon Soe |
| Social & Recreation | --- | Ma Thin Thin |
| Joint | --- | David Ang |
| Joint | --- | Win Win Than |
| Auditor | --- | Dr. Anthony Lee |
| Pianist | --- | Patricia Aung |
| Christian Literature | --- | Daw Yi Yi Aye |

# လက်တွဲကာ ရှေ့သို့ချီ

*****************

မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော် B.C.F ၏ ၂၀၁၃ခုနှစ်၊ တစ်နှစ်တာပတ်လုံး သာသနာခရီးအတွက် အားသစ်လောင်း၍၊ ခရစ်တော်ထံမှ ခွန်အားဖြင့် လက်တွဲကာ ရှေ့သို့ ချီတက်မည်။

အဓိကဦးတည်ချက်မှာ၊– "ဧဝံဂေလိတရားတော်ကိုသွား၍ပြောကြလော့"
(The Great Commission)

အဓိကကျမ်းချက်၊– မဿဲ၊ ၂၈း၁၉–၂၀ (Matthew. 28:19-20)

အဓိကခံယူချက်၊– သခင်ဘုရား၏မဟာစေခိုင်းချက်ကို လိုက်နာပါမည်။

အဓိကကျင့်ဆောင်ချက်၊– ဖြောင့်မတ်စွာကျင့်ခြင်း၊ ဘုရားဝတ်၌မွေ့လျော်ခြင်း၊ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ သည်းခံခြင်း၊ နူးညံ့သိမ်မွေ့ခြင်းတို့ကို ကျင့်ဆောင်မည်။

အဓိကလုပ်ဆောင်ချက်၊– နိုင်ငံတော်ကျယ်ဝန်းရန်၊

အဓိကရည်ရွယ်ချက်၊– ခရစ်တော်သာသနာပျံ့ပွားရေး၊

## Our Mission ✝

*By: John Ma*

*Come and See*

*Praise and Sing*

*Worship and Bow down*

*Preach and Teach … Listen and Learn … Pray and Fast*

*Trust and Obey … Heal and Grow … Hug and Hold*

*Righteous and Rejoice*

*Give and Receive*

*Serve and share*

*Arise and Shine*

*Lean and Rest*

*Act and Move*

*Aim and Try*

*Go and Tell.*

# ဧဝံဂေလိ ကယ်တင်ခြင်း သတင်းကောင်း

**သမ္မာကျမ်းစာက ပို၍ အံ့သြဖွယ်ကောင်းသည့် ကယ်တင်ခြင်းအကြောင်းကို ဖော်ပြထားသည်။**

ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ားနှင့် လူမိန်းမကို ဖန်ဆင်းပြီးလျှင်၊ အချင်းတို့၊ များပြားစွာမွေးဘွားကြလော့။ မြေကြီးကိုပြည့်စေ၍နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုငှင်း၊ မိုဃ်းကောင်းကင်ငှက်တို့ကိုငှင်း၊ အသက်ရှင်၍ မြေပေါ်မှာလှုပ်ရှားတတ်သော တိရစ္ဆာန်အပေါင်းတို့ကိုငှင်း အုပ်စိုးကြလော့ဟု မိန့်တော်မူ၍၊ သူတို့ကို ကောင်းကြီးပေးတော်မူ၏။ (ကမ္ဘာဦး၊၂း၁၇)

**ကမ္ဘာဦးလူသားနှစ်ဦး အာဒံနှင့်ဧဝ တို့၏ မနာခံမှုကြောင့် လူသားထု တစ်ရပ်လုံး အပြစ်ထောင်ချောက်ထဲသို့ သက်ဆင်းခဲ့ရပါသည်။**

ထာဝရအရှင် ဘုရားသခင်ကလည်း ကောင်းမကောင်းကို သိကျွမ်းရာအပင် မှတပါး၊ ထိုဥယျာဉ်၌ ရှိသမျှသော အပင်တို့၏အသီးကို သင်သည် စားရသောအခွင့်ရှိ၏။ ထိုအပင်၏အသီးကိုကား မစားရ။ စားသောနေ့တွင် ကေန်အမှန်သေရမည်ဟု လူကိုပညတ်ထားတော်မူ၏။

မြွေကလည်း၊ သင်တို့သည် ကေန်အမှန်သေရမည်မဟုတ်။ အကြောင်းမူကား၊ ထိုအသီးကို စားသောနေ့၌ သင်တို့သည် မျက်စိပွင့်လင်းလျက် ကောင်းမကောင်းကို သိ၍၊ ဘုရားသခင်ကဲ့သို့ ဖြစ်ကြလတံ့သည်ကို၊ ဘုရားသခင် သိတော်မူသည်ဟု လူမိန်းမအားဆိုလေ၏။

ထိုအပင်သည် စားဘွယ်ကောင်းခြင်း၊  အဆင်းလည်း လှခြင်း၊ ပညာတိုးပွားစေလို သောငှါ၊ နှစ်သက်ဘွယ်သော အပင်ဖြစ်ခြင်းကို မိန်းမသည် မြင်လျှင်၊ အသီးကို ယူ၍ စား၏။ မိမိခင်ပွန်းအားလည်း ပေး၍ သူသည်လည်း စား၏။ (ကမ္ဘာဦး၊၃း၆)

**ဘုရားသခင်၏ မိန့်တော်မူချက်ကို သတိမမူ မထေမဲ့မြင် ပြုသောကြောင့် ....**

ထာဝရအရှင် ဘုရားသခင်သည် မြွေကိုခေါ်၍၊

"သင်သည် ဤအမှုကိုပြုသောကြောင့်၊ သားယဉ်၊ သားရဲ အပေါင်းတို့ထက် ကျိန်ခြင်းကိုခံရ၏။ သင်သည် ဝမ်းဖြင့်သွား၍ မြေမှုန့်ကို တသက်လုံးစားရမည်။ သင်နှင့် မိန်းမကိုငှင်း၊သင်၏ အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုငှင်း ငါသည် ရန်ညှိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။"

လူမိန်းမကိုလည်း ....

"သင်၌ ကိုယ်ဝန်ဆောင်ခြင်းဝေဒနာကို ငါအလွန်များပြားစေမည်။ ပင်ပန်းစွာ ဝေဒနာကို အလွန်များပြားစေမည်။ ပင်ပန်းစွာဝေဒနာကိုခံ၍ သားဘွားရမည်။ ကိုယ်ခင်ပွန်း၏ အလိုသို့လိုက် ၍၊ သူ၏အုပ်စိုးခြင်းကို ခံရမည်ဟု မိန့်တော်မူ၏။"

လူယောကျ်ားကိုလည်း ....

"ထိုအပင်၏အသီးကို မစားရဟု ငါပညတ်သော်လည်း၊ သင်သည် မယား၏ စကားကို နားထောင်၍ စားမိသောကြောင့်၊ မြေသည် သင်၏အတွက် ကျိန်ခြင်းကို ခံလျက်ရှိ၏။ မြေ၏အ သီးကို တသက်ပတ်လုံး ပင်ပန်းစွာ စားရမည်။ ဆူးပင်အမျိုးမျိုး တို့ကိုလည်း သင်အဘို့ မြေမှ ပေါက်စေမည်။ လယ်၌ဖြစ်သော ဟင်းသီးဟင်းရွက်တို့ကို သင်စားရမည်။ သင်ထွက်ရာမြေသို့ မပြန်မှီတိုင်အောင်၊ သင်၏မျက်နှာမှ ချွေးထွက်လျက် အစာကိုစားရမည်။ အကြောင်းမူကား၊ သင်သည် မြေမှုန့်ဖြစ်၍၊ မြေမှုန့်သို့ ပြန်ရမည်ဟု မိန့်တော်မူ၏။"

ဤအကြောင်းအရာဟူမူကား၊ အပြစ်တရားသည် တစ်ယောက်သောသူ အာဒံအားဖြင့် ဤလောကသို့ဝင်၍၊ အပြစ်တရားအားဖြင့် သေခြင်းတရားဝင်သည်နှင့်အညီ၊ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ ရောက်ရကြ၏။ (ရောမ၊ ၅း၁၂)

**လူသားတိုင်းသည် ထိုအပြစ်ထောင်ချောက်မှ လွတ်မြောက်အောင် မရုန်းထွက်နိုင်ဘဲ ခန္ဓာသေခြင်း၊ ထာဝရဝိညာဉ်သေခြင်းကို မလွဲမသွေ ရင်ဆိုင်ရသည်။**

**ဘုရားသခင်သည် ယေရှုခရစ်တော်တည်းဟူသော သားတော်ကို ကယ်တင်ရှင်အဖြစ် ပြင်ဆင်ပေးသနားခဲ့သည်။ အဖိုးအခပေးရန်မလိုသည့် ကယ်တင်ခြင်းလက်ဆောင်ကို ဘုရားသခင် သည် သူ၏သားတော် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ပေးကမ်းခဲ့ပြီ။**

**ထိုလက်ဆောင်ကို လက်ခံသူတိုင်းသည် အပြစ်၏ ချုပ်ထားမှု၊ အပြစ်၏အခ ဖြစ်သည့် သေခြင်းမှ လွတ်မြောက်ခွင့်ကို ရရှိပြီဖြစ်သည်။**

အပြစ်တရား၏အခကား သေခြင်းပေတည်း။ ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူး တော်ကား၊ ငါတို့သခင် ယေရှုခရစ်အားဖြင့် ထာဝရအသက် ပေတည်း။ (ရောမ၊ ၆း၂၃)

ငါတို့သည် အပြစ်ရှိစဉ်ပင်၊ ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံတော်မူသည် ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှ လောက်ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာ ပြတော်မူ၏။ သို့ဖြစ်၍ ယခုတွင် အသွေးတော်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ပြီးမှ၊ ထိုသခင် အားဖြင့် အပြစ်ငရဲမှ ကယ်ချွတ်တော်မူခြင်းသို့ ရောက်မည်ဟု သာ၍ မြော်လင့်စရာရှိ၏။ (ရော၊ ၅း၈–၉)

အဘယ်သို့နည်း ဟူမူကား သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင် ကယ်တင်ခြင်းသို့ရောက် လိမ့်မည်။ ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ စိတ်နှလုံးနှင့်ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်း ငှါနှုတ်ဖြင့်ဝန်ခံရ၏။(ရော၊ ၁၀း၉–၁၁)

လူအပေါင်းတို့သည် လောကီတရားသို့လိုက်၍ ပြုပြင်သောစာတန်မာရ်နတ်၏ အလိုနှင့် အညီ၊ ဒုစရိုက်အပြစ်တို့၌ ကျင်လည်ကြ၍၊ ထိုဒုစရိုက်အပြစ်၌ သေလျက်ရှိနေသော လူသားတို့ကို ပင်ဘုရားသခင်သည် အသက်ရှင်စေတော်မူပြီ။ ထိုငြင်းဆန်သောသူတို့နှင့်တကွ၊ ငါတို့ရှိသမျှသည် ကိုယ်ကာယ၏ အလိုသို့ငှင်း၊ စိတ်၏အလိုသို့ငှင်း၊ လိုက်သဖြင့်၊ ကာမဂုဏ်တို့၌ကျင်လည်ကြသည် ဖြစ်၍၊ အမျက်တော်ကို ခံရသောသူ ဖြစ်ကြ၏။ သို့သော်လည်း ကရုဏာတော်နှင့် ကြွယ်ဝတော်မူ သော ဘုရားသခင်သည် ငါတို့ကို ချစ်တော်မူသော မဟာမေတ္တာတော်အားဖြင့်၊ ဒုစရိုက် အပြစ်၌ သေလျက်ရှိနေသော ငါတို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေတော်မူ၏။ (ဖေက်၊၂း၁–၂)

ကျေးဇူးတော်ကြောင့်သာ ကယ်တင်ခြင်းသို့ ရောက်ရ၏။ ယေရှုခရစ်အားဖြင့် ငါတို့ကို ထမြောက်စေ၍ ကောင်းကင်အရပ်၌ နေရာပေးတော်မူပြီ။ အကြောင်းမူကား၊ ထိုသခင်အားဖြင့် ငါတို့၌ ကျေးဇူးပြု၍၊ ကျေးဇူးတော်၏ အလွန်ကြွယ်ဝခြင်းကို နောင်အခါတွင် ထင်ရှားစွာ တွေ့မြင် ရကြလိမ့်မည်။ (ဖေက်၊၂း၅–၆)

**ဘုရားသခင်သည် လူသားအပေါင်းတို့၏ ပြစ်ကြွေးကို ယေရှုခရစ်တော်၏ အသွေးအား ဖြင့်ခြေဖျက်ခဲ့ပြီ။ လူတို့အား အပြစ်မယူ ခွင့်လွှတ်ခဲ့ပါသည်။ ဤအချက်ကို အကြွင်းမဲ့ ယုံရမည်။**

လူအပေါင်းတို့ ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက် ရ၏။ ကိုယ်အလိုအလျောက် ရောက်သည် မဟုတ်။ ဘုရားသခင် သနားတော်မူရာ ဖြစ်သတည်း။ ကိုယ်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည် မဟုတ်။ (ဖေက်၊၂း၈)

သခင်ယေရှု ခရစ်တော်သည် သေခြင်းမှ ရှေးဦးစွာ ထမြောက်သောသူ ဖြစ်၍ သေခြင်း သည် အစိုးမရနိုင်တော့ပြီ။ ထိုနည်းတူ ခရစ်တော်ကို ယုံကြည်သူတိုင်းသည် အသက်ကို ရကြလိမ့် မည်။ (ရော ၈း၁၁)

**ထိုအသက်ကား ထာဝရအသက် ဖြစ်၏။ ဂုဏ်တော်နှင့် ယှဉ်သော ထာဝရအမွေကို ခံရမည်။**



**ဆင်ခြင်ရန် – ချစ်သောမိတ်ဆွေ ...**
**အပြစ်၌ ပိတ်မိနေကြောင်း မိတ်ဆွေသိပါသလား။**
**သခင်ယေရှု၏ ကယ်တင်ခြင်းလက်ဆောင်ကို လက်ခံရယူပြီး၊ ခရစ်တော်၌ လွတ်မြောက်သော အသက်တာကို ခံစားကြည့်ပါ။ ထာဝရကာလကို သခင်နှင့်အတူ ခံစားရယူပါ။ ကျေးဇူးတော် သက်သက်ဖြစ်သည့်အတွက် မိတ်ဆွေ ဘာမျှပေးရန် မလိုပါ။**

သခင်ယေရှု ခရစ်တော်ကို ယုံကြည်ပါ။
ယုံကြည်လျှင် သင်နှင့် သင်၏အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်ကြလိမ့်မည်။
(တ၊၁၆း၃၁)

ဒုစရိုက်အပြစ်၌ရှင်း၊ ဇာတိပကတိ၏ အရေဖျားလှီးခြင်းကို မခံသော အဖြစ်၌ရှင်း သေလျက်ရှိနေ သောသင်တို့ကို ခရစ်တော်နှင့်အတူ အသက်ရှင်စေ၍ သင်တို့အပြစ်ရှိသမျှတို့ကို လွှတ်တော်မူ၏။
(ကော၊၂း၁၃၁၃)

လူအပေါင်းတို့သည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့် ရှေ့တော်၌ အသရေပျက်ကြပြီ။
ယေရှုခရစ်တော် ရွေးနှုတ်တော်မူသောအားဖြင့် အဘိုးကို မပေးဘဲ ဘုရားသခင်၏ ကျေးဇူးတော် ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏။

**ဆင်ခြင်ရန် – ချစ်သောမိတ်ဆွေ ...**
**ဝိညာဉ်ရေးရာကယ်တင်မှုကို မတောင်းလျှောက်ရန် ဘယ်အရာက သင့်ကို တားဆီးနေသနည်း။ ဘုရားသခင်၏ကျေးဇူးတော်နှင့် မထိုက်တန်၊ ဆိုးလွန်းသည်ဟု မိတ်ဆွေ စိုးရိမ်နေပါသလား။**

**မိတ်ဆွေ ဤသို့အထင်ရှိနေလျှင် မှားပါသည်။ ဆိုးသည်။ ကောင်းသည်မဟုတ်ပါ။ လောကသား အပေါင်း အားလုံးအတွက်ပါ။ သခင်ယေရှုသည် ကားတိုင်တော်အားဖြင့် မိတ်ဆွေ အပါအဝင် ကျွန်ုပ်တို့ အားလုံးကို ကယ်တင် ရွေးနှုတ်တော်မူ၍ ထာဝရအသက်ကို ပေးတော်မူ၏။**

ကားတိုင်တော်အားဖြင့် သခင်ယေရှု ကယ်တင်ရွေးနှုတ်တော်မူ၏။ (ရောမ၊၃း၂၃–၂၆)

အပြစ်၏ဆိုးကျိုးနှင့် ငရဲမီးအိုင်ထဲသို့ကျမည့် အပြစ်သားများကို ကယ်တင်ဘို့ ယေရှုခရစ်တော် သည် လူဇာတိခံရန် ကြွဆင်းလာခဲ့ပြီး၊ သင့်အပြစ်များအတွက် ယေရှုခရစ်တော်ကို လက်ခံ ယုံကြည်ခြင်းမှတပါး၊ သင်သည် မည်သည့်အရာနှင့်မျှ လုပ်ဆောင်ချေဖျက်၍ မရနိုင်ပါ။

**If you haven't accepted**

**Jesus Christ**

**as your Lord and Savior.**

**Please ... ...**

အမှုတော်မြတ်၌– မဆိုရှယ် (မော်တင်လိန်း)

# B.C.F. 36TH Anniversary Celebration Service

## Theme: Go and tell, the Good News.



# The Church of the Future:

Sermon out line by: Rev. Zau Sam

**Rereading the Great Commission…**

**Matthew 28:19-20 (NRSV)**

*19**Go** therefore and **make disciples** of all nations, **baptizing** them in the name of the Father and of the Son and of the Holy Spirit, 20and **teaching** them to obey everything that I have commanded you. And remember, I am with you always, to the end of the age.*

There are three supporting *participles* or ways to make disciples—**going**, **baptizing**, and **teaching**.

**Going…**

Today, as in this age of globalization, "go" into the world does really mean, especially for Burmese Christians here in America, **"go" into the United States of America.**

God has assigned us to spread the gospel here in this America. Once we called, **"light in the jungle" but now " light from the jungle."**

**Baptizing…**

"Baptizing" does not merely mean "soul winning" by baptizing, rather it means **to change, to transform holistically** our neighbors, our society in which we live.

The preaching of the good news does not depend so much on "winning souls (conversion) alone, it is also a form of **being witnesses of the resurrected Jesus Christ.**

**To be witnesses of Christ means to be like "salt" and "light" in America.**

Matthew 5:13-14 (NRSV)

*"You are the salt of the earth; but if salt has lost its taste, how can its saltiness be restored? It is no longer good for anything, but is thrown out and trampled under foot. You are the light of the world. A city built on a hill cannot be hidden."*

**Teaching…**

True discipleship cannot survive without the teaching ministry or nurturing program. Nurturing is the lifeline of the Church. **The Church which is weak in its teaching ministry will soon disappear.**

**Recommendations for the Church of the Future…**

BCF needs to be aware of constructing **"a hybrid theology"**—to *adjust and balance* the two different traditions, Burmese and American."

More specifically, what kind of a hybrid third space BCF second and third generation really need is

**"In-between space"** in which they have to exercise the creative potentials of their own stand in spite of marginalization.

If we do not want to face the problems of **silent exodus** in the days to come, we should transform our church, which can create a space for our younger generations.

**John Wesley (1703-1791)**

"You have nothing to do but to save souls. Therefore spend and be spent in this work. And go not only to those that need you, but to those that need you most. It is not your business to preach so many times, and to take care of this or that society; but to save as many souls as you can; to bring as many sinners as you possibly can to repentance."

**Let us try to be *"the Church of the Future"* from this 36th Anniversary onward!**

**Amen!**

~~~~~~~~~~~~~~~~~~~~~~~

# ဓမ္မသီချင်းသံ၏စွမ်းအား

ရွေကျမ်းချက် – ရှင်မဿဲ၊ ၁၁း၂၈–၃၀ ။

ဝန်လေး၍ ပင်ပန်းသော သူအပေါင်းတို့၊

- ငါ့ထံသို့လာကြလော့။
- ငါသည် ချမ်းသာပေးမည်။
- ငါ့ထမ်းဘိုးကို တင်၍ ထမ်းကြလော့။
- ငါ့ထံ၍ နည်းခံကြလော့။
- ငါသည် နူးညံ့သိမ်မွေ့ နှိမ့်ချသော စိတ်သဘောရှိ၏။

သင်တို့ စိတ်နှလုံးသည် သက်သာခြင်းကို ရလိမ့်မည်။ အကြောင်းမူကား….၊

- ငါ့ထမ်းဘိုးသည် ထမ်းလွယ်၏။
- ငါ့ဝန်လည်း ပေါ့၏ဟု မိန့်တော်မူ၏။

တခါတုံးက အဆိုတော် တစ်ယောက်သည် အသံကောင်း၍ သီချင်းဆိုကောင်းသောကြောင့် နံမည်ကျော်ကြားလာသည်။ ချမ်းသာသည်ထက် ပို၍ချမ်းသာလာသည်။ ပစ္စည်းဥစ္စာကြွယ်ဝလာသော်လည်း သူမ၏ဘဝကို ကျေနပ်အားရခြင်း မရှိ။ အတွင်းစိတ်၌ကား အလိုမပြည့်ဟာကွက်ဖြစ်ကာ နောက်ဆုံး၌ ကိုယ့်ကိုယ့်ကို သတ်သေကြောင်း ကြံစည်သည်။

သူမတည်းခိုနေသောဟော်တယ်၏အနီးနားတွင် ရေကန်ကြီးတစ်ကန်ရှိသည်။ သူမသည် လှေကလေးတစ်စီးကို ရေနက်ရာသို့ လှော်ကာရေထဲသို့ ခုန်ချ၍ သေကြောင်းကြံသည်။ သီချင်းဆိုအလွန်ဝါဒနာသောကြောင့် သူမသည် ငယ်စဉ်ဘဝက သီဆိုခဲ့သောသီချင်းများကို အားရအောင်ဆိုပြီးမှ ရေထဲသို့ခုန်ချမည်ဟု စိတ်ဆုံးဖြတ်လိုက်သည်။
~~~~~~~~~~~~~~~~~~~~~~~

ငယ်စဉ်ကတက်ခဲ့သော ဥပုသ်စာဖြေသင်ကျောင်း (Sunday School) ၌သင်ခဲ့သော ဓမ္မသီချင်းများကို တစ်ပုဒ်ပြီးတစ်ပုဒ်ကို အစွမ်းကုန် အကောင်းဆုံး ဆိုပါတော့သည်။ ဆိုရင်းဆိုရင်းနဲ့ ပင်ပန်းလာသဖြင့် အလွန်အိပ်ချင်လာကာ ကိုယ့်ကိုယ်ကို သေကြောင်းကြံရန်ကိုပင် သတိမရနိုင်တော့ဘဲ ဟော်တယ်သို့ ပြန်ပြီး အလွန်ပင်ပန်းသဖြင့် အိပ်မောကျသွားပါသည်။ မည်မျှကြာအိပ်ပျော်သွားသည်ကို မသိ။ အိပ်ရာမှ နိုးလာသောအခါ အိပ်ရေးဝလာသည်။ နေကောင်းလာသည်။ ဘာကြောင့်မှန်းမသိ ကိုယ့်ကိုယ်ကို သတ်သေချင်သောစိတ် မရှိတော့ပါ။ ဟော်တယ်ခန်း အပြင်သို့တံခါးဖွင့်၍ ထွက်လာသောအခါ သူမ အလွန်အံ့အားသင့်သွားသည်။ သူမ၏ အခန်းရှေ့တွင် အလွန်လှပသော ပန်းများကို တွေ့ရသည်။

ဇနီးမောင်နှံနှစ်ဦး သူမအား စောင့်နေသည်ကို တွေ့ရပါသည်။ ထိုသူနှစ်ဦးသည် သူမကို အလွန်ကျေးဇူးတင်ကြောင်း အောက်ပါအတိုင်း ရှင်းပြပါသည်။ သူတို့နှစ်ယောက်လုံး အလုပ်လက်မဲ့ဖြစ်သွားကြောင့် စီးပွားရေးအဆင်မပြေဖြစ်လာသည်သာမက ကျမ်းမာရေးပါ ချို့ယွင်းလာသည်။ အစစအရာရာ ဆုံးရှုံးတော့မည်။ ထို့ကြောင့် ကြံရာမရဘဲ ထိုရေကန်ထဲသို့ခုန်ချကာ သေကြောင်းကြံစည်ခဲ့ကြသည်။ ရေကန်အနားသို့ ရောက်သောအခါ အသံကောင်းကောင်း၊ အသံပီပီသသနှင့် ဆိုလိုက်သောဓမ္မသီချင်းများကို တပုဒ်ပြီးတပုဒ် နားထောင်ခွင့်ရလိုက်သောအခါ ရေကန်သို့ သွားနေသောခြေလှမ်းများ ရပ်တန့်သွားသည်။

ထိုဓမ္မသီချင်းများမှ ဖော်ပြသော .. လောကသားများ၏ အပြစ်များအတွက် အသေခံ၍ သုံးရက်မြောက်သောနေ့၌ ပြန်လည် ရှင်ပြန်ထမြောက်သော သခင်ယေရှု ခရစ်တော်၏ ကြီးမားသော မေတ္တာတော်အကြောင်းကို နားထောင်ခွင့် ရလိုက်သည်။ လိုအပ်ပါက သခင်ခရစ်တော်ယေရှုသည် သူတို့ကို ချီမပို့ဆောင်မည့် အကြောင်းကိုလည်း ကြားသိလိုက်ရသည်။ သခင်ခရစ်တော်ယေရှုသည် သူတို့၏ လေးလန်သောဝန်ထုပ်ကို ဝိုင်းဝန်းထမ်းဆောင် ပေးမည့်အကြောင်းကိုလည်း ဓမ္မသီချင်းများမှတဆင့် သိလာသည်။ တောင်းလျှင်ရမည်။ ခေါက်လျှင်ဖွင့်ပေးမည် .. အစရှိသော ကယ်တင်ခြင်းတရားကို နားထောင်လိုက်ရသဖြင့် ခွန်အားရရှိလာသည်။ သေကြောင်းကြံချင်သော စိတ်သည်လည်း အဝေးသို့လွင့်ထွက် သွားပါတော့သည်။

သူမ သီဆိုလိုက်သော ဥပုတ်စာဖြေသင်ကျောင်း (Sunday School) ၌ သင်ခဲ့သောဓမ္မသီချင်းများသည် သူမကိုယ်တိုင် သာမက အခြားသောသူနှစ်ယောက်၏ အသက်ကိုပင် ကယ်ယူနိုင်ခဲ့သည်။

<u>**မှတ်ချက်**</u> – ဆရာဦးမွန်းလိုက်၏ ၀၈–၂၇–၂၀၁၁ **BCF** တွင် ဟောကြားသော တရားမှ ဥပမာ တစ်ခုကို တင်ပြခြင်းဖြစ်ပါသည်။

John Ma
BCF



# <u>ခွန်အားယူရန်သမ္မာကျမ်းစာ</u>

ရှင်မာကုခရစ်ဝင်ကျမ်း၊ ၁၆း၁၅–၁၆

သင်တို့သည် လောကီနိုင်ငံအရပ်ရပ်ရှိသမျှသို့သွား၍၊
ဝေနေယျသတ္တဝါအပေါင်းတို့အား ဧဝံဂေလိတရားကိုဟောကြလော့။

ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။
မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတံ့။



ရှင်မဿဲခရစ်ဝင်ကျမ်း၊ ၂၈း၁၉–၂၀

သင်တို့သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက်၊ ခမည်းတော်၊
သားတော်၊ သန့်ရှင်းသော ဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့။

ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်
စေခြင်းငှါ ဆုံးမသြဝါဒ ပေးကြလော့။

ငါသည်လည်း ကပ်ကမ္ဘာကုန်သည် တိုင်အောင် သင်တို့ နှင့်အတူ
အစဉ်မပြတ် ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏။